# ကယ်တင်ခြင်းရရန် ဘုရားသခင်၏အကြံအစည်

လူတစ်ဦး မည်သို့ကယ်တင်ခြင်းရနိုင်မည်နည်း။ ဤမေးခွန်းကို သင်မေးခဲ့မည်ဆိုလျှင် ယုံကြည်ခြင်းသည် သင်၏ရင်ထဲ၌စတင်နေလေပြီ။ သမ္မာကျမ်း၏ စစ်မှန်သောကယ်တင်ခြင်းအကြံအစည်ကို ဤကမ္ဘာကြီး၏အပြစ်ဟူသမျှကိုယူဆောင်သွားသူ ဘုရားသခင်၏သိုးသူငယ်ဖြစ်သည့် ယေရှုခရစ်တော်နှင့် အတူတကွနေထိုင်ပြီး သူ၏သွန်သင်ချက်များကို သင်ယူလေ့လာခဲ့သည့်တမန်တော်များက ပေးအပ်ဝေငှခဲ့သည်။ ထိုအကြံအစည်မှာ –

***ပထမအကြံအစည်။*** ယေရှုခရစ်တော်၏ စွန့်လွှတ်အနစ်နာခံခဲ့သော သေခြင်းတရားမှတစ်ဆင့်ယုံကြည်ခြင်းရရန် (သို့) ယုံကြည်ခြင်းပျက်ပြယ်နေသော လူသားများအသစ်တစ်ဖန်မွေးဖွားခြင်းရရန် ပြင်ဆင်ခြင်းအမှုကိုပြုပေးသည့် ဘုရားသခင်၏ချစ်ခြင်းမေတ္တာနှင့်ကရုဏာတော်ကို သိမှတ်လက်ခံပါ။ “ဘုရားသခင်သည် လောကသားတို့ကို ချစ်တော်မူသောကြောင့် သားတော်ကိုယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှာ မိမိ၏ တစ်ပါးတည်းသောသားတော်ကိုစွန့်တော်မူ၏” (ရှင်ယောဟန် ၃း၁၆) “ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းကိုရ၏။ ကိုယ့်အလိုအလျောက်ရသည်မဟုတ်။ ဘုရားသခင်သနားတော်မူ၍ဖြစ်၏။ ကိုယ့်ကုသိုလ်ကြောင့် ကယ်တင်ခြင်းရသည်မဟုတ်၍ အဘယ်သူမျှဝါကြွားစရာအခွင့်မရှိ” (ဧဖက် ၂း၈၊၉) ဘုရာသခင်၏ ကရုဏာတော်ကြောင့်သာ မိဘနှစ်ပါးမှတစ်ဆင့် ဘုရားသခင်၏ချစ်ခြင်းမေတ္တာ၊ နှုတ်ကပတ်တရားတော်စသည့် သတင်းကောင်းများအပြင် ဤဝေစာကိုပါ သင်လက်ခံရရှိခြင်းဖြစ်သည်။ “ယုံကြည်ခြင်းသည် နှုတ်ကပတ်တော်ကြားနာခြင်းမှ အစပြု၍ ဘုရားသခင်၏စကားတော်အားဖြင့် သတင်းကောင်းကိုကြားနာရ၏” (ရောမ ၁၀း၁၇)

***ဒုတိယအကြံအစည်။*** ယုံကြည်ပါ။ ယုံကြည်ခြင်းအားဖြင့်သာလျှင် သန့်ရှင်းသောဝိညာဉ်တော်သည် သင့်အားနားလည်သဘောပေါက်စေသည်။ ယုံကြည်မှုမရှိဘဲ သန့်ရှင်းသောဝိညာဉ်တော်၏ သွန်သင်လမ်းပြမှုကို သင်မည်သည့်အခါမျှရနိုင်မည် မဟုတ်ပါ။

(က) သင်သည်အပြစ်သားဖြစ်ကြောင်းလက်ခံပါ။ “လူအပေါင်းတို့သည် ဒုစရိုက်ကိုပြု၍ ဘုရားသခင်၏ရှေ့တော်၌အသရေပျက်ကြပြီ” (ရောမ ၃း၂၃)

(ခ) ဘုရားသခင်က သင်၏ဘဝအသက်တာအတွက် အကြံအစည်နှင့် ရည်မှန်းချက်များကိုရရန်အခွင့် သင်ဆုံးရှုံးခဲ့သည်ကိုလက်ခံပါ။ “အပြစ်၏အဖိုးအခကား သေခြင်းဖြစ်၏။ သို့ရာတွင် ဘုရားသခင်ပေးသော ဆုကျေးဇူးတော်ကား သခင်ယေရှုခရစ်အားဖြင့် ရရှိသောထာဝရအသက်တာပင်ဖြစ်သည်။” (ရောမ ၆း၂၃)

(ဂ) ယေရှုခရစ်တော်သည် အပြစ်ကင်းသောဘုရားသခင်၏ တစ်ပါးတည်းသောသားတော်ဖြစ်ကြောင်း ယုံကြည်ပါ။ “သားတော်ကိုယုံကြည်သောသူသည် အပြစ်စီရင်ခြင်းမခံရ။ ဘုရားသခင်၏ တစ်ပါးတည်းသောသားတော်ကို မယုံကြည်သောသူကား ယခုပင်အပြစ်စီရင်ခြင်းကိုခံရ၏” (ရှင်ယောဟန် ၃း၁၈)

(ဃ) ယေရှုသည် ယခင်ကနှင့်ယခု၌လည်း ဘုရားသခင်၏သိုးသူငယ်ဖြစ်သည်ကို ယုံကြည်ပါ။ “ဤလောက၏အပြစ်ကို ယူဆောင်သွားသောဘုရားသခင်၏သိုးသူငယ်ကိုကြည့်လော့” (ရှင်ယောဟန် ၁း၂၉၊၃၆) သူသည် ဘုရားသခင်မှ ကျွန်ုပ်တို့အပြစ်အတွက် ပြီးပြည့်စုံသောစွန့်လွှတ်အနစ်နာခံခြင်းကိုပေးရန် စေလွှတ်သောသူဖြစ်သည်။

(င) ယေရှုသည်လောကသားတို့ကို လွန်စွာချစ်မြတ်နိုးတော်မူ၍ သင်နှင့်တစ်ကွ လူအပေါင်းတို့၏ အပြစ်ကြွေးများကိုပေးဆပ်ရန်နှင့် ကယ်တင်ရန်အသေခံတော်မူခဲ့သည်ကို ယုံကြည်ပါ။ “ဘုရားသခင်သည် လောကီသားတို့အပြစ်ရစေခြင်းငှာ သားတော်ကိုစေလွှတ်သည်မဟုတ်၊ ကိုယ်တော်အားဖြင့် ကယ်တင်ခြင်းသို့ ရောက်မည်အကြောင်း စေလွှတ်တော်မူခြင်းဖြစ်၏” (ရှင်ယောဟန် ၃း၁၇)

(စ) ယေရှု၏ကရုဏာတော်အားဖြင့် ကျွန်ုပ်တို့အားလုံး၏ အပြစ်ကြွေးများ ပေးဆပ်ပြီးဖြစ်သည်။ ကယ်တင်ခြင်းရရန်အတွက် ကျွန်ုပ်တို့၌ပေးဆပ်စရာ၊ လုပ်ဆောင်စရာဘာမျှမရှိပါ။ “မိမိတို့ဘိုးဘေးများထံမှ ဆက်ခံရရှိသောအချည်းနှီးသော ဘဝမှ အဘယ်သို့အဖိုးအခပေး၍ သင်တို့အားလွတ်မြောက်စေကြောင်းကို သင်တို့

သိကြ၏။ ထိုအဖိုးအခသည် ရွှေ၊ငွေအစရှိသည့် ဖောက်ပြန်ပျက်စီးတတ်သော အရာမဟုတ်။ အပြစ်အနာအဆာကကင်းစင်သည့် သိုးသူငယ်နှင့်တူသော ခရစ်တော်၏ အသက်တော်ကိုတင်လှူပူဇော်ခြင်းဖြစ်ပေသည်” (ရှင်ပေတရု ၁း၁၈၊၁၉) ကယ်တင်ခြင်းကိုသင်လိုအပ်ကြောင်းနှင့် ထိုကယ်တင်ခြင်းရရန် သင်မည်မျှပင်ကြိုးပမ်းအားထုတ်၍ မရနိုင်ကြောင်းကို မယုံကြည်သေးသရွေ့ ဘုရားသခင်၏ ဝိညာဉ်တော်သွန်သင်လမ်းပြမှုကို သင်ခံစားရမည်မဟုတ်ပါ။ ယေရှုမှတစ်ဆင့် ကယ်တင်ခြင်းနှင့် မိမိ၏အပြစ်ကိုသိမြင်ခြင်းနှုတ်ကပတ်တော်ကို ဦးစွာယုံကြည်သူများသည် “....လွန်စွာပူပင်သောကရောက်လျှက် ညီအစ်ကိုတို့၊ ငါတို့အဘယ်သို့ပြုရပါမည်နည်း” ဟု မေးမြန်းကြ၏။ (တမန်တော် ၂း၃၇) ယနေ့တွင် သင်ရရှိမည့်အဖြေမှာလည်း ထိုသူတို့ရရှိသောအဖြေကဲ့သို့ပင်ဖြစ်သည်။

***တတိယအကြံအစည်။*** “နောင်တရကြလော့....” (တမန်တော် ၂း၃၈)

(က) ကျွန်ုပ်တို့သည် ဘုရားသခင်၏ အကြံအစည်မှဝေးကွာစွာနေရခြင်းအတွက်နှင့် ဂရုစိုက်စောင့်ရှောက်မှုအခွင့်အရေးများ ပျောက်ဆုံးသွားခြင်းအတွက် နောင်တရဝမ်းနည်းသင့်သည်။

(ခ) မိမိအတ္တအတွက်သာ အစေခံဆောင်ရွက်ခြင်းကိုရှောင်ကြဉ်၍ သခင့်အား အရှင်သခင်အဖြစ် သင့်ဘဝတစ်ခုလုံးအတွက် အစေခံဆောင်ရွက်ပါ။

***စတုတ္ထအကြံအစည်။*** “....သင်တို့အားလုံး ဗတ္တိဇံခံယူကြလော့....” မည်ကဲ့သို့ ခံယူမည်နည်း။ မည်သည့်တန်ခိုးတော်နှင့် အာဏာကိုအသုံးပြုမည်နည်း။ “.....ယေရှုခရစ်တော်၏နာမတော်၌...” (တမန်တော် ၂း၃၈) မည်သည့်ရည်ရွယ်ချက်ကြောင့်နည်း။ “.....အပြစ်မှလွတ်မြောက်ရန်အတွက်...” ဗတ္တိဇံခံယူခြင်းဆိုသည်မှာ ယေရှုခရစ်တော်နှင့်အတူတကွ ရေသင်္ချိုင်းတွင် နှစ်မြှုပ်ခံခြင်းဖြစ်သည်။ ဤသို့ပြုခြင်းဖြင့် သင်သည်ခရစ်တော်ယေရှုအားဖြင့် ဘဝသစ်ကိုရှင်သန်ရန် သူနှင့်အတူတကွ ထမြောက်ပြီး ဘဝဟောင်းမှစွန့်ခွာခြင်းကိုရရှိလိမ့်မည်။ (သင်၏ဘဝဟောင်းမှ အမူအကျင့်များ သေဆုံးပြီး ရေသင်္ချိုင်းတွင် မြှုပ်နှံခြင်းကိုဆိုလိုသည်။) “ငါတို့သည် ခရစ်တော်ယေရှုနှင့် တစ်လုံးတစ်ဝတည်းဖြစ်ရန် ဗတ္တိဇံမင်္ဂလာခံကြသောအခါ တစ်ချိန်တည်းမှာပင် ကိုယ်တော်နှင့်အတူအသေခံကြကြောင်းကို သင်တို့အမှန်ပင်သိကြ၏။ သို့ဖြစ်၍ ငါတို့သည် ဗတ္တိဇံအားဖြင့်ခရစ်တော်နှင့်အတူမြှုပ်နှံခြင်းကိုခံသဖြင့် ကိုယ်တော်နှင့်အတူအသေခံကြ၏။ ကိုယ်တော်နှင့်အတူ အသေခံကြရသည့်အကြောင်းမှာ ခမည်းတော်သည် ဘုန်းတန်ခိုးတော်အားဖြင့် ကိုယ်တော်အားသေခြင်းမှ ရှင်ပြန်ထမြောက်စေတော်မူသည့်နည်းတူ ငါတို့အားလည်းဘဝသစ်၌ ကျင်လည်ရစေရန်ဖြစ်သတည်း။” (ရောမ ၆း၃၊၄)

***ပဉ္စမအကြံအစည်။*** “..... သန့်ရှင်းသောဝိညာဉ်တော်၏ ဆုကျေးဇူးကိုရယူကြလော့...” (တမန်တော် ၂း၃၈) သင်သည်လူများကို လိမ်လည်လှည့်ဖြားရာတွင် အောင်မြင်နိုင်သော်လည်း ဘုရားသခင်ကိုမူ ထိုကဲ့သို့မပြုနိုင်ချေ။ သင်သည်သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်မှုများကို သဘောပေါက်လက်ခံ၍ စစ်မှန်စွာယုံကြည်ခြင်း၊ အပြစ်များကိုဝန်ခံ၍ယေရှု၏နာမတော်၌ ဗတ္တိဇံခံယူခြင်း၊ ဘုရားသခင်၏ရှေ့မှောက်၌ မိမိကိုယ်ကိုဝန်ချအသနားခံခြင်း၊ မိမိလိုအင်ဆန္ဒနှင့်အတ္တကို ဖြေဖျောက်ခြင်း၊ ဘုရားသခင်အားစိတ်နှလုံးဖွင့်ဟလျက် အရာရာထက်ပို၍ ချစ်မြတ်နိုးပါက သင့်အပေါ် ဝိညာဉ်တော်တန်ခိုး သက်ရောက်စေလျက် ကောင်းကင်ဘုံတွင်စံမြန်းနိုင်ရန် အသစ်တစ်ဖန်မွေးဖွားရသောအခွင့်ကို ဘုရားသခင်သည်ပေးတော်မူလိမ့်မည်။ “ဘုရားသခင်၏ကတိတော်သည် သင်တို့အတွက်၎င်း၊ သင်တို့၏သားသမီးများအတွက်၎င်း၊ ရပ်ဝေးရှိသူတို့အတွက်၎င်းဖြစ်၏။ တစ်နည်းအားဖြင့် ငါတို့၏ဘုရားသခင် ထာဝရဘုရားခေါ်ယူတော်မူသောသူ အပေါင်းတို့အတွက်ဖြစ်၏။” (တမန်တော် ၂း၃၉) ခရစ်တော်၌ အသစ်တစ်ဖန်မွေးဖွားသူ သင်သည်မွေးကင်းစကလေးငယ် အော်ဟစ်ငိုယို၍ စတင်အသက်ရှူသကဲ့သို့ ဝိညာဉ်တော်ဆုကျေးဇူးဖြစ်သည့် ထူးဆန်းသောဘာသာစကားပြောဆိုခြင်းကိုလည်း ခံယူရရှိပေမည်။ (တမန်တော် ၁၀း၄၄–၄၆၊ တမန်တော် ၁၁း၁၅–၁၇၊ တမန်တော် ၁၉း၆) ထိုကဲ့သို့ဖြစ်ပွားပါက သင်သည်မေးခွန်းတစ်စုံတစ်ရာမရှိဘဲ သိရှိနားလည်ပြီး ပတ်ဝန်းကျင်ရှိလူများကလည်း ကျွမ်းဝင်သဘောပေါက်ပေလိမ့်မည်။